ဟိန်းဇေယံခေါင်းဆောင်၍ ဗီဒီယိုဇာတ်ကားရိုက်ကူးနေသည့်ဝတ္ထု

# နွေတမာန်

# ထီးလိုလို မှိုလိုလို



ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု

ဆုပြည့်စုံထွန်းစာပေ

# အိမ်မက်ဆန်း
# ( ၁၉၈၉ခုနှစ်)

ညသည် မှောင်မိုက်နေ၏ ။

ကြယ်ကလေးများ၏ အရောင်ကသာ မှိတ်တုတ်မှိတ်တုတ် လင်းလက်နေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်နေ ပါ၏ ။

ထားထားမေသည် အမှောင်ထုဖုံးလွှမ်းနေသောလမ်းမ ပေါ်ဝယ် တစ်ယောက်တည်းလျှောက်လှမ်းလာလျှက်ရှိသည်။

သူမဘယ်ကိုရောက်နေတယ်ဆိုတာ ထားထားမေတွေးလို့ မရပါ။ ဘယ်လိုလုပ်ပြီး ဒီနေရာရောက်လာတယ်ဆိုတာလည်း မသိပါ။

ထားထားမေက ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်လေ သည်။

လမ်းဘေးဝဲယာတလျှောက်တွင် ရေများအိုင်ထွန်းနေ သည်ကို သာမြင်ရသည်။ ကြယ်များ၏ အရောင်အောက်ဝယ် မြင်ကွင်းများက မပီဝိုးတဝါးသာ။

ကောင်းကင်ကိုမော့်ကြည့်လိုက်တော့လည်း တိမ်ညိုတိမ် တိုက်များ တလိပ်လိပ်ရွေ့လျားနေသည်ကိုမြင်နေရသည်။

မှောင်မိုက်သောဝန်းကျင်တွင် မိမိတစ်ယောက်တည်းရှိ နေသည်ကိုသိလိုက်ရ၍ ထားထားမေကြောက်လန့်လာသည်။

ထားထားမေက မျက်နှာတူရူထားရာသို့ ခပ်သွက်သွက် လျှောက်လှမ်းလာခဲ့သည်။ သူမ ဘယ်ကိုဦးတည်လျှောက်သွား နေမိတယ်ဆိုတာ သူမကိုယ်တိုင်ပင် မသိပါပေ။ ကြောက်ကြောက် လန့်လန့်ဖြင့်သာ

ခပ်သွက်သွက်လျှောက်လှမ်းလာခဲ့လေသည်။

တစ်နေရာအရောက်တွင်.. လူအများ၏ အုန်းအုန်းကြွက်ကြွက် အော်ဟစ်နေသံများကို ကြားလိုက်ရသည်။ အသံများမှာ ကယ်ပါ ယူပါ တစာစာဖြင့် အော်ဟစ်နေသောအသံများဖြစ်လေသည်။

ထားထားမေက အသံကြားရာဆီသို့ အပြေးကလေးသွား လိုက်လေသည်။ ရှေ့တွင် လမ်းကွေ့တစ်ခု။ အသံများက လမ်းကွေ့ အတွင်းမှ ထွက်ပေါ်လာနေခြင်းဖြစ်သည်။ အော်ဟစ်သံ၊ ငြီးငြူသံ၊ ငြီးတွားသံ။ အသံများအားလုံးမှာ အမင်္ဂလာသဘောကိုဆောင်နေသော အနိဋ္ဌာရုံအသံ များသာဖြစ်လေသည်။

ဘာကြောင့်ရယ်မသိ။ ထားထားမေသည် သိချင်ဇောဖြင့် လူသံ များထွက်ပေါ်လာရာလမ်းကွေ့ကို ချိုးကွေ့လိုက်သည်။

''အို...''

အနိဋ္ဌာရုံမြင်ကွင်းတစ်ခုကို ထားထားမေမြင်တွေ့လိုက်ရလေ သည်။

ကားတစ်စီးသည် လမ်းဘေးမြေနိမ့်ပိုင်းဆီသို့ ထိုးစိုက်ကျနေ သည်။ ကားခေါင်းပိုင်းက လမ်းဘေးရေအိုင်ထဲသို့နစ်နေသည်။

ကားသည် လေးဆယ့်ငါးဒီဂရီတိမ်းစောင်းကာ ဗွက်ထဲတွင်နစ်နေ၏ ။

ကား၏ နောက် ဘီးများသည် မြေနှင့်လွတ်နေသည်။ ဘီးများက လည်ပတ်နေဆဲ။

မကြာမီအချိန်ကပင်... လမ်းဘေးသို့ထိုးစိုက်ကျကာ တိမ်း မှောက်ခဲ့ကြောင်း သိသာစေသောမြင်ကွင်းတစ်ခုဖြစ်လေသည်။

ကားအောက်မှာ ပိနေသောလူများ၊ ကားဘေးတွင် လွင့်စင်ကျနေသောလူများ၊ ခြေပြတ်လက်ပြတ်ဖြင့် အော်ဟစ်ငြီးငြူ နေသော

အရွယ်စုံလူသားများကို ထားထားမေထိတ်လန့်စဖွယ် တွေ့လိုက်ရလေသည်။

သွေးများကလည်း မြေပြင်အနှံ့အိုင်ထွန်းလျှက်ရှိလေသည်။

ထားထားမေသည် ကြောက်လန့်တကြားဖြင့် ထိုနေရာမှ ထွက်ပြေးရန် နောက်သို့လှည့်လိုက်သည်။

''မမ-မမ- တာရာ့ကိုကယ်ပါမမ''

အသံတစ်သံက ထားထားမေခြေလှမ်းများကို တုံ့သွားစေ သည်။

ကလေးငယ်တစ်ဦး၏ အသံ။

ထားထားမေက နောက်ကိုပြန်လှည့်ကြည့်လိုက်သည်။

''မမ.. တာရာ့ကိုကယ်ပါ၊ တာရာ့ကိုဆွဲထုတ်ပေးပါမမရယ်''

ထားထားမေက ကားနားသို့တိုးကပ်သွားလေသည်။

ထိုအခါ... ကားပြတင်းပေါက်မှထွက်ပြူနေသော ဦးခေါင်း တစ်လုံးကိုမြင်လိုက်ရလေသည်။ အသံသည် ထိုဦးခေါင်းဆီမှထွက်ပေါ် လာခြင်းပင်ဖြစ်ပါ၏ ။

''မမ.. တာရာ့ကိုခေါ်ပါ၊ တာရာ့ကို ဘွားဘွားဆီပို့ပေးပါ မမရယ်''

''အို...''

အသက်၅-နှစ်၊ ၆-နှစ်အရွယ်ခန့် မိန်းကလေးတစ်ယောက်။ ကားမှန်ပြတင်းမှ ခေါင်းကလေးပြူထွက်နေသည်။ လက်တစ်ဖက်က ပြတင်းပေါက်မှကျော်ကာ ထားထားမေကိုလက်ယပ်ခေါ်ရင်း အော် နေခြင်း ဖြစ်သည်။

အထက်အောက်အတင်အချလုပ်ရသော ကားမှန်က ကလေးငယ်၏ လည်ပင်းကိုဖိထားလေသည်။ ကလေးငယ်သည် ဦးခေါင်းနှင့် လက်တစ်ဖက်သာ

ကားအပြင်ထွက်ကာ ကားမှန်အပိခံ ထားရပေသည်။

အထက်မှကားမှန်အဖိခံထားရ၍ ကလေးငယ်မှာ လျှာ တစ်လစ် ထွက်နေပေပြီ။ ထားထားမေကို မပီမသအသံဖြင့် အကူ အညီတောင်းနေခြင်းဖြစ်ပါသည်။

''မမ... တာရာ့ကိုခေါ်ပါ၊ ဘွားဘွားဆီပို့ပေးပါမမရယ်''

ထားထားမေက ကောင်မလေးကိုသနားစိတ်ဖြင့် ကားနားကို တိုးကပ်သွားကာ... လက်ကမ်းပေးလိုက်သည်။

ကလေးငယ်၏ လက်ကို သူမ၏ ညာလက်ဖြင့် လှမ်းဆွဲ လိုက်သည်။

ကလေးသည် ထားထားမေဆွဲခေါ်ရာသို့ အလွယ်တကူ ပါလာလေသည်။

ကားပြတင်းပေါက်မှ ကလေးထွက်ကျလာသည်။

သို့သော်... တစ်ကိုယ်လုံးထွက်ကျလာခြင်းမဟုတ်ပါ။

ထားထားမေ၏ လက်ထဲတွင် ကလေးငယ်၏ ပခုံးပိုင်း အထိသာ ပြတ်၍ ပါလာခြင်းဖြစ်လေ၏ ။

ပခုံးအောက်နားအထိ တစ်ပိုင်းပြတ်၍ ပါလာသော ကလေး ငယ်သည် ထားထားမေရင်ခွင်ထဲသို့ ကျလာလေသည်။

ထားထားမေက ကိုယ်တစ်ပိုင်းပြတ်ကြီးကို ထိတ်လန့် တကြား ငုံ့ကြည့်လိုက်၏ ။

ထိုအခါ.. သူမရင်ခွင်ထဲမှ ကိုယ်တစ်ပိုင်းပြတ်ကောင်မလေး သည် ထားထားမေကိုမော့ကြည့်ရင်းပြောလိုက်လေသည်။

''ကျေးဇူးတင်ပါတယ်မမရယ်... သမီးကို ဘွားဘွားဆီ ပို့ပေးပါနော်''

''အား-''

ထားထားမေက စူးစူးဝါးဝါးဖြင့် ထိတ်လန့်တကြားအော်ဟစ်လိုက်လေ၏။

* *

''ထားထား ... ထားထား.. ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ''

ထားထားမေအော်သံကြောင့် ကိုအောင်မြတ်လန့်နိုးလာကာ ဇနီးသည်ကိုလှုပ်နှိုးရင်း မေးလိုက်လေသည်။

ထားထားမေသည် ဇောချွေးများပြန်ရင်း နိုးလာ၏။

မျက်လုံးဖွင့်ကြည့်ပြီး ကိုအောင်မြတ်ကိုဖက်ထားလိုက်သည်။

''တော်ပါသေးရဲ့၊ တော်ပါသေးရဲ့၊ အိပ်မက်မို့လို့ တော်ပါသေးရဲ့မောင်ရယ်''

ထားထားမေက အသံတုန်တုန်ဖြင့်ပြောလိုက်လေသည်။

''ထားထား... အိပ်မက်ဆိုးတွေမက်နေတာလား၊ ခဏနော်၊ မောင်ရေယူပေးမယ်''

ကိုအောင်မြတ်က ထားထားမေကို အိပ်ရာပေါ်ခပ်ဖွဖွပြန်ချ ပေးကာ အိပ်ရာထဲမှထလိုက်သည်။ အခန်းမီးကိုဖွင့်လိုက်သည်။

အခန်းမီးအလင်းရောင်ကြောင့် ထားထားမေ စိတ်သက်သာ ရာရသွား၏။ ကိုအောင်မြတ်ရေသွားယူနေစဉ် ထားထားမေက အိပ်မက်ကို ပြန်တွေးနေမိသည်။

အိပ်မက်က ထိတ်လန့်စရာ၊ အော်ဂလီဆန်စရာ ကောင်းလှ ပါ၏။

ကိုအောင်မြတ်က ရေဗူးနှင့်ဖန်ခွက်ကိုယူလာကာ ထားထား မေကို ငုံ့တိုက်သည်။

''ဘာတွေအိပ်မက်မက်လို့လဲ ထားထားရယ်၊ အော်လိုက် တာ မောင်တောင် လန့်သွားတာပဲ''

''ဟုတ်လား၊ ထားထားအော်လိုက်မိသလား မောင်''

ထားထားမေက သူမအိပ်မက်ကို ကိုအောင်မြတ်အား ပြန်ပြောပြလိုက်သည်။

''ကားဘေးမှာ လူတွေအတုံးအရုံးသေနေကြတာ ကြောက် စရာကြီးမောင်ရယ်၊ ခြေပြတ်လက်ပြတ်တွေလည်း ထားထားတွေ့ရ တယ်၊ ကလေးလေးကလည်း မျက်နှာလေးကတော့ ချစ်စရာလေး၊ ထားထား ဆွဲခေါ်လိုက်တော့ ကိုယ်တစ်ပိုင်းပြတ်ကြီးနဲ့ပါလာတာတွေ့မှ လန့်သွားတာ၊ ကောင်မလေးနာမည်က တာရာတဲ့၊ အိပ်မက်ထဲမှာ နာမည်ပါသိရတာ မဆန်းဘူးလားမောင်၊ ပြီးတော့... အဲဒီ ကောင်မလေးက သူ့ကို သူ့အဘွားဆီပို့ပေးဖို့ တစာစာပြောနေတယ်မောင်ရယ်''

''အိပ်မက်ကိုမေ့ပစ်လိုက်ပါထားထားရယ်၊ သွေးလေ ချောက်ခြားလို့မက်တာပါ၊ ပြန်အိပ်လိုက်တော့နော်၊ အခန်းမီးကို ဖွင့်ထားလိုက်မယ်''

ပြန်အိပ်ပျော်အောင် ထားထားမေ မျက်လုံးကိုမှိတ်ပြီးမှိန်းနေ သော်လည်း တော်တော်နှင့်အိပ်မပျော်။ အိပ်မက်ကိုတရစ်ဝဲဝဲမြင်ယောင် နေမိသည်။

''မမ.. တာရာ့ကိုခေါ်ပါ၊ တာရာ့ကို ဘွားဘွားဆီပို့ပေးပါ မမရယ်''

''ကျေးဇူးတင်ပါတယ်မမရယ်... သမီးကို ဘွားဘွားဆီ ပို့ပေးပါနော်''

ကောင်မလေးရဲ့မျက်နှာ၊ ကောင်မလေးရဲ့အသံများကို ထား ထားမေ

ပြန်ပြီးကြားယောင်နေမိသည်။

မှတ်မှတ်ရရ ထိုအိပ်မက်ကိုမက်သောနေ့မှာ သီတင်းကျွတ်လပြည့်နေ့ကြီးဖြစ်ပါသည်။ သီတင်းကျွတ်လပြည့်နေ့မှာ ထားထားမိဘ တွေရော၊ ကိုအောင်မြတ်မိဘတွေကိုပါ သွားကန်တော့ပြီး အပြန်ညမှာ မက်ခဲ့ခြင်းဖြစ်သည်။

၁၉၈၉ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ည။

အိမ်မက် မက်တာ သီတင်းဆိုးကြီးကို ထင်ထင်ရှားရှားကြီးမှတ်မိနေပါသည်။

ထိုအိပ်မက်ကို ထားထားမေသည် တစ်သက်လုံးမေ့ပစ်လို့ မရခဲ့ပါ။

မေ့လို့မရအောင်လည်း အိပ်မက်၏ နောက်ဆက်တွဲ ဖြစ်ရပ် များက ထားထားမေဘဝထဲသို့ရောက်ရှိလာခဲ့လေသည်။

ထိုအိပ်မက်ကိုမက်ပြီး မကြာမီမှာပင် ထားထားမေ၌ ကိုယ်ဝန်ရှိလာခဲ့ခြင်းဖြစ်ပါသည်။

* *

# အတိတ်လည်ပြန်
# ( ၂၀၁၁ခုနှစ် )

''စဉ်းစားပါဦးသားရယ်… မသွားပါနဲ့လို့ နောက်ဆုံးအချိန် အထိ မေမေတားချင်သေးတယ်ကွယ်''

ဒေါ်ထားထားမေက သူမကိုထိုင်ကန်တော့နေသော သား ဖြစ်သူကို ပြောလိုက်သည်။

မြင့်မြတ်တာရာက မိခင်ဖြစ်သူဒေါ်ထားထားမေကို ပြန်မော့ ကြည့်လိုက်သည်။

''သားကိုခွင့်လွှတ်ပါမေမေ၊ သားစိတ်ကို မေမေအသိဆုံးပါ၊ သားဘဝမှာ အသိရအခက်ဆုံးဖြစ်နေတဲ့ ဒီလျှို့ဝှက်ကြီးကို ရအောင် ဖော်ထုတ်နိုင်မှ သားနေပျော်လိမ့်မယ် မေမေရယ်''

''သားရယ်…''

''ဒီလျှို့ဝှက်ချက်ကြီး မပေါ်သေးသမျှ သားလည်း နေလို့ရ မှာမဟုတ်ဘူး၊ ဒီတော့.. ဆုံးဖြတ်ထားတဲ့အတိုင်း သားကိုသွားခွင့်ပြု ပါမေမေ''

''သား စိတ်လိုက်မာန်ပါလုပ်ရင် အမှားတွေပါကုန်မှာကို မေမေ စိုးတယ်သား၊ အဲဒါကြောင့် မေမေတားနေတာ''

''သား ကလေးမဟုတ်တော့ပါဘူးမေမေ၊ မှားမယ့်အလုပ်မျိုး ကိုသားမလုပ်ဖြစ်အောင် ရှောင်ပါ့မယ်၊ အခုသွားတာလည်း ချယ်ရီမြိုင် အသိုင်းအဝိုင်းထဲကိုပြန်ဝင်ချင်လို့မဟုတ်ပါဘူး၊ ဝင်လို့မရမှန်းလည်း သား သိပါတယ်မေမေ၊ သားသွားမှာက အမှန်တရားကိုသိရရုံ သက်သက်ပါ၊

အမှန်တရားကိုသိခွင့်ရခဲ့ရင်လည်း သားဘယ်သူ့မျှ ပြန်မပြောပါဘူး မေမေ၊ သိရုံနဲ့ သားကြေနပ်မှာပါမေမေရယ်''

''သားရင်ထဲမှာသိထားတဲ့အမှန်တရားဆိုတာလည်း တကယ်တန်းကျသက်သေပြလို့မရဘူးလေ၊ လူဝင်စားဆိုတာကို ပါးစပ်ပြောနဲ့ ဘယ်သူက ယုံမှာလဲကွယ်၊ ပြီးတော့... သားမှာ သက်သေပြစရာ ဘာမျှခိုင်ခိုင်လုံလုံမရှိဘူး၊ သားကိုယ်တိုင်တောင် အရင်ဘဝကို အလုံးစုံမှတ်မိတာမှမဟုတ်ပဲ''

''ဟုတ်ပါတယ်မေမေ၊ သားကလည်း ချယ်ရီမြိုင်က လူတွေ သားကို တာရာမိုးဦး....လို့လက်ခံစေချင်လို့ သွားတာမဟုတ်ပါဘူး၊ သားဘွားဘွားဒေါ်နန်းမြနွယ်နဲ့ နီးနီးကပ်ကပ်နေဖူးချင်လို့ပါ၊ ပြီးတော့... ချယ်ရီမြိုင်မှာရှိနေတဲ့ တာရာမိုးဦးဆိုတာကိုလည်း ဘယ်လိုနည်းနဲ့ ရှိနေတယ်ဆိုတာ စုံစမ်းချင်လို့သွားမှာပါ၊ သား ဘာပြဿနာမှ မရှာပါဘူး မေမေ''

ဒေါ်ထားထားမေက သက်ပြင်းချလိုက်သည်။

''အင်းလေ.. ဟိုကအလုပ်ခန့်စာကိုလည်း ရထားပြီဆိုတော့ သွားမှဖြစ်တော့မှာပေါ့၊ မေမေမှာလိုက်တာတွေကို သားကြပ်ကြပ် ဂရုစိုက်ပါကွယ်၊ ကိုယ့်အတွက်ကြောင့် သူတစ်ပါး အခြေအနေပျက် တာမျိုး မဖြစ်ပါစေနဲ့၊ ကိုယ့်ကြောင့် သူတစ်ပါးစိတ်ဆင်းရဲရတာ မျိုး မဖြစ်အောင် ရှောင်ပါသားရယ်''

''သားအတွက် အစစအရာရာ စိတ်ချပါမေမေ၊ သား ဟိုရောက်တာနဲ့ မေမေ့ဆီဖုန်းဆက်လိုက်မယ်၊ အခြေအနေပေးရင် မေမေ့ဆီကို နေ့တိုင်းဖုန်းဆက်ပါမယ်မေမေ၊ ရထားချိန်လည်း နီးနေပြီး သားကို ခွင့်ပြုပါတော့နော် မေမေ''

မြင့်မြတ်တာရာက မိခင်ဖြစ်သူကို နောက်တစ်ကြိမ်ဦးချလိုက် ပြန်သည်။

''သာဓုကွယ်.. သာဓု.. သာဓု.. ငါ့သား မြင့်မြတ်တာရာ သွားလေရာမှာ

ခလုတ်မထိဆူးမငြိပါစေနဲ့၊ တွေ့တဲ့သူတိုင်းရဲ့ ချစ်ခင် ယုံကြည်မှုကို ရပါစေကွယ်''

''ဘူတာကို မေမေလိုက်မပို့နဲ့တော့နော်၊ သားဘာသာ ကား ငှားသွားတော့မယ်''

* *

ဒေါ်ထားထားမေသည် မြင့်မြတ်တာရာပါသွားသော တက္ကစီကားကိုမျက်စိတစ်ဆုံးကြည့်ရင်း အိမ်ရှေ့၌ ကျန်ခဲ့သည်။

ကား မြင်ကွင်းမှပျောက်သွားသည့်တိုင် ဒေါ်ထားထားမေ အိမ်ထဲပြန်မဝင်မိသေး။ အဝေးကိုငေးမျှော်ကြည့်နေသော်လည်း သူမမျက်ဝန်း၌ မျက်ရည်များနှင့်မို့ ရှေ့ကမြင်ကွင်းတွေကိုမမြင်မိပါ။

ခဏကြာမှ.. မျက်ရည်များကိုသုတ်ကာ အိမ်ထဲပြန်ဝင်ခဲ့သည်။

အိမ်ထဲမှာတော့... ဒေါ်ထားထားမေတစ်ယောက်သာ အထီး ကျန်အဖော်မဲ့၍ ကျန်ခဲ့ပါတော့သည်။

ဒေါ်ထားထားမေက ညှော့ခန်းနံရံမှာချိတ်ထားသည့် ဓာတ်ပုံများဆီသို့အလိုလိုလျှောက်သွားမိသည်။ နံရံမှာချိတ်ထားသည့် မိသားစုဓာတ်ပုံကြီးကို မော်ကြည့်မိသည်။

ဓာတ်ပုံက သားလေး မြင့်မြတ်တာရာ အသက်ကိုးနှစ်အရွယ် လေးတန်းကျောင်းသားဘဝ တုန်းက ပထမဆုရ၍ မိဘဆရာအသင်းဆုပေးပွဲတွင် ဆုယူစဉ်က ရိုက်ထားသည့်ပုံ။ ပုံထဲတွင် မြင့်မြတ်တာရာက ဖခင်ဦးအောင်မြတ် နှင့်မိခင်ဒေါ်ထားထားမေကြားတွင် ဆုပစ္စည်းများကိုပိုက်ရင်း ရပ်နေသည်။

''မောင်ရေ.. သားကတော့ အတောင်အလက်စုံလို့ ထားထား ရင်ခွင်ထဲက ပျံထွက်သွားပြီမောင်၊ သားက သူ့ရဲ့ဘဝဟောင်းကိုပြန် ဖော်ထုတ်ဖို့တဲ့၊ ချယ်ရီမြိုင်ကို အရောက်သွားပြီမောင်၊ မောင်သာရှိရင် သားကို ဒီကိစ္စမလုပ်အောင် တားမှာပဲနော်၊ ထားထားကတော့ တား လည်းမတားနိုင်ဘူး၊ တားလည်းမတားရက်ဘူးမောင်၊ ခုတော့.. မောင် ဆောက်ပေးခဲ့တဲ့အိမ်လေးထဲမှာ ထားထားတစ်ယောက်တည်း ကျန်နေရပါပြီမောင်ရယ်''

ဓာတ်ပုံထဲက ကွယ်လွန်သူချစ်ခင်ပွန်းကို တမ်းတတိုင်တည် လိုက်လေသည်။

ဦးအောင်မြတ်သည် ဤဓာတ်ပုံကိုရိုက်ပြီး မကြာမီ.. မြင့်မြတ် တာရာ ငါးတန်းနှစ်မှာ ကွယ်လွန်သွားခဲ့ပါသည်။

တစ်ချိန်တုံးကတော့ အင်ဂျင်နီယာ ကိုအောင်မြတ်ကိုယ်တိုင် ပုံစံထုတ်၍ စိတ်ကြိုက်ဆောက်ခဲ့သော ဤတစ်ထပ်တိုက်လေးတွင် သား အမိသားအဖသုံးယောက်ပျော်ပျော်ရွှင်ရွှင်သိုက်သိုက်ဝန်းဝန်းနေ ခဲ့ကြလေသည်။

မိသားစုဓာတ်ပုံကြီးကိုမော်ကြည့်ရင်းမှ ဒေါ်ထားထားမေ၏ အတွေးပုံရိပ်ထဲတွင် သားလေးမြင့်မြတ်တာရာ သူမတို့ဘဝထဲသို့ ဝင်ရောက်လာပုံများ ပြန်လည်ထင်ဟပ်လာလေသည်။

* *